# ဝက်သက်ပေါက်သောကလေးများအား ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်း

ဝက်သက်ပေါက်နေစဉ် ကာလအတွင်း ကလေး၏ ခန္ဓာကိုယ်ထဲတွင် သိုလှောင်ထားသော ဗီတာမင် အေ ပမာဏသည် လျှင်မြန်စွာ လျော့နည်း ကုန်ဆုံးသွားတတ်ပါသည်။ နဂိုက ဗီတာမင် အေ အာဟာရအခြေအနေ မကောင်းသောကလေးများသည် ဗီတာမင်အေချို့တဲ့သည့် အခြေအနေသို့ ဆိုက်ရောက်သွားနိုင်ပါသည်။ ဗီတာမင်အေချို့တဲ့သောကလေးများသည် ဝက်သက်ပေါက်ပြီးနောက် အဆုတ်ရောင်ခြင်း၊ ဝမ်းလျှောခြင်း၊ မျက်စိနာခြင်း စသည့်ရောဂါများ ပို၍ ပြင်းထန်စွာ ခံစားကြရပါသည်။ ဝက်သက်ပေါက်ပြီး မျက်စိနာသော ကလေးများသည် မျက်ကြည်ရောင်ရမ်း ပျက်စီးခြင်းကြောင့် မျက်စိကွယ်သည်ထိ ခံစားရနိုင်ပါသည်။ ဝက်သက်ပေါက်သော ကလေးများ၏ ကိုယ်ခံစွမ်းအား မြင့်မားလာပြီး အခြားရောဂါများဝင်မလာစေရန်၊ ဝင်လာလျှင်လည်း မပြင်းထန်စေရန်နှင့် မျက်စိကွယ်မသွားစေရန် ဗီတာမင်အေဆေးလုံး တိုက်ကျွေးထားသင့်ပါသည်။ ဝက်သက်ပေါက်သောကလေးများအား ဗီတာမင်အေ ဆေးလုံး တိုက်ကျွေးခြင်းဆိုင်ရာ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန် မူဝါဒမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မူဝါဒ




- အသက် တစ်နှစ်နှင့်အထက် ဝက်သက်ပေါက်သော ကလေးတိုင်းကို ယူနစ် နှစ်သိန်းပါ ဗီတာမင် အေ ဆေးလုံး (အနီရောင်) တစ်လုံး တိုက်ပါ။
- အသက် ၆–လမှ ၁၁–လအတွင်း ဝက်သက် ပေါက်သော ကလေးတိုင်းကို ယူနစ် တစ်သိန်းပါ ဗီတာမင် အေ ဆေးလုံး (အပြာရောင်) တစ်လုံး တိုက်ပါ။

ကလေးသည် လွန်ခဲ့သည့် တစ်လအတွင်း အထက်ပါ ဆေးညွှန်းအတိုင်း ဗီတာမင်အေ ဆေးလုံးကို သောက်ခဲ့ရပြီးဖြစ်ပါက တိုက်ကျွေးစရာမလိုပါ။

အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာန
ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့

## Vitamin A supplementation for children with measles

Body stores of vitamin A are rapidly depleted during an episode of measles leading to deficiency in children with marginal stores. Post-measles complications including pneumonia, diarrhoea and conjunctivitis are more common and more severe in children with vitamin A deficiency. Post-measles conjunctivitis may lead to corneal inflammation and blindness. To improve the immune status of children with measles and prevent or mitigate complications including blindness, children with measles should be given vitamin A supplementation. The following is the National Guideline of the MOH for vitamin A supplementation to children with measles.

**National guideline:**

- Give one capsule of Retinol (vitamin A) 200,000 i.u. to all children with measles (one year and above);
- Give one capsule of Retinol (vitamin A) 100,000 i.u. to all children with measles (between 6 months and 11 months)

unless he/she received a similar dose within previous one month.

National Nutrition Centre
Department of Health
Ministry of Health

UNICEF